# ဆူရီနင်



ဆူရီနင် နိုင်ငံသည် တောင်အမေရိက တိုက်ဝင်နိုင်ငံဖြစ်၍၊ ပြင်သစ်ဂိုင်ယာနာ၊ ဂိုင်ယာနာ၊ ဘရာဇီးလ်တို့နှင့် ထိစပ်နေ၍ မြောက်ပိုင်းတွင် အတ္တလန်တိတ် သမုဒ္ဒရာ တည်ရှိသည်။



မကြာသေးမီမှ စာရင်းကောက်ခံမှု အရ ဆူရီနင် နိုင်ငံတွင် အစ္စလာမ် သာသနာ လူဦးရေမှာ နိုင်ငံလူဦးရေ၏ ၂၅ ရာနှုန်း ဖြစ်သည်။ သို့သော် နိုင်ငံ၏ စာရင်းနှင့် Wiki တို့တွင် ၁၃ ရာနှုန်းဟုသာ ဖော်ပြထားသည်ကို တွေ့ရသည်။ အမေရိကတိုက်တွင် မူဆလင် ရာနှုန်း အများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။



ဆူရီနင်သို့ မူဆလင်များ စတင်ရောက်ရှိသည်မှာ အာဖရိကမှ ဖမ်းဆီးခေါ်ဆောင်လာသော ကျေးကျွန်များ ဖြစ်သည်။ သို့သော် သူတို့အား အတင်းအဓမ္မသာသနာ ပြောင်းခံလိုက်ရသဖြင့် ခရစ်ယာန်သို့ ကူးပြောင်းခဲ့ရ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

သည်။ ဒုတိယ အသုတ်အနေဖြင့် အိန္ဒိယနှင့် အင်းဒိုနီးရှားတို့မှ ရောက်ရှိလာ၍၊ ယခုခေတ် မူဆလင်များမှာ ၎င်းတို့မှ ဆင်းသက်လာသူများ ဖြစ်ကြသည်။
ထိုမူဆလင်တို့အား အင်ဒိုနီးရှားနှင့် ပါကစ္စတန်တို့မှ ယဉ်ကျေးမှုလွှမ်းမိုးလျှက် ရှိပြီး သူတို့သည် မိဘရိုးရာဘာသာစကားဖြစ်သော အင်ဒိုနီးရှား စကားနှင့် ပါကစ္စတန် စကားများကို ပြောဆိုကြသည်။ မူဆလင် အားလုံးနီးပါးမှာ ဆွန္နီမူဆလင်များ ဖြစ်ကြသည်။

ဦးဌေးလွင်ဦး စုစည်းရှာကြံတင်ပြသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com